# တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံ ခရီးစဉ်နှင့် ပတ်သက်ပြီး

# ကျောက်ဖြူအထူးစီးပွားရေးဇုန် စောင့်ကြည့်ရေးအဖွဲ့၏

# သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၁၆ ဇန်နဝါရီ ၂၀၂၀

ကျောက်ဖြူ အထူးစီးပွားရေးဇုန် စောင့်ကြည့်ရေးအဖွဲ့သည် ကျောက်ဖြူ အရပ်ဘက်အဖွဲ့အစည်းများ (၁၈) ဖွဲ့ဖြင့် စုဖွဲ့ထားခြင်းဖြစ်သည်။ ၁၇ ဇန်နဝါရီ ၂၀၂၀ ရက်နေ့တွင် တရုတ်နိုင်ငံ၏ သမ္မတ ရှီကျင့်ဖျင်သည် မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးစဉ်တွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းနဲ့ပတ်သက်ပြီး လက်မှတ်ရေးထိုးမည့် အစီစဉ်လည်းပါဝင်သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ အင်တာဗျူးတွင် ထည့်သွင်းပြောကြားသည်ကို သိရှိရသည်။

**ထို့ကြောင့် သမ္မတ ရှီကျင့်ဖျင်၏ ခရီးစဉ်နဲ့ပတ်သက်ပြီး ကျောက်ဖြူ အထူးစီးပွားရေးဇုန် စောင့်ကြည့်ရေး အဖွဲ့အနေဖြင့် အောက်ပါ သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်အပ်ပါသည်။**

၁။ လက်ရှိကာလတွင် ရခိုင်ပြည်နယ်အတွင်း စစ်ရေးပဋိပက္ခကြောင့် ပြည်သူပေါင်း (၁) သိန်းကျော်ခန့် နေရပ်စွန့်ခွာကြရပြီး စစ်ဘေးရှောင်စခန်းများတွင် ခိုလှုံရောက်ရှိနေကြရသည့် အချိန်ဖြစ်သည်။

၂။ ကျောက်ဖြူ မြို့နယ်နှင့် အမ်းမြို့နယ်အတွင်း ၂၀၁၀ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည့် ဂစ် ပိုက်လိုင်းနှင့် ရေနံပိုက်လိုင်း စီမံကိန်းတွင် အစိုးရအနေဖြင့် မဖြေရှင်းနိုင်သေးသော မြေယာဆိုင်ရာပြဿနာရပ်များစွာ ကြုံတွေ့ရပြီး ကုမ္ပဏီ နှင့် အစိုးရအနေဖြင့် လက်ရှိ (၁၀) နှစ် ကြာလာသည်အထိ ဒေသခံများ၏ အခွင့်အရေးများကို လျစ်လျူရှုထားပြီး၊ ဒေသခံများသည်လည်း မိမိတို့၏ အခွင့်အရေးများ ချိုးဖောက်ခံနေရဆဲ ဖြစ်သည်ကိုယခုအချိန်ထိ ကြုံတွေ့နေရသည်။

၃။ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ရခိုင်ပြည်နယ် အကြံပေးကော်မရှင် (ကိုဖီအာနန်ကော်မရှင်) ၏ အကြံပြုချက်တွင် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာလေ့လာဆန်းစစ်မှု (Strategic Environment Assessment- SEA) ပြုလုပ်သင့်ကြောင်း အကြံပြုခဲ့သော်လည်း ယခုအချိန်ထိ အကောင်ထည်ဖော် ဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

၄။ ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် ပတ်သက်၍ အစိုးရ ကုမ္ပဏီအနေဖြင့် ယနေ့အချိန်ထိ ဒေသခံများအတွက် လုံလောက်သော သတင်းအချက်အလက်များ မျှဝေမှုမရှိခြင်းနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများဆုံးရှုံးနစ်နာသွားမည့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်လမ်းသစ် များ ပြန်လည်အစားထိုးရန် ညှိနှိုင်းတိုင်ပင်မှု မရှိသည်ကိုလည်း တွေ့ရှိရပါသည်။

၅။ ကျောက်ဖြူ အထူးစီးပွားရေးဇုန် ဧရိယာအတွင်းရှိ ဒေသခံများအနေဖြင့် မြေယာလျော်ကြေးကိစ္စများ၊ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များအတွက် အထူးစိုးရိမ်ပူပန်လျက်ရှိသည်ကိုလည်း တွေ့ရှိရ ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိအချိန်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းကို လက်မှတ်ရေးထိုးမည်ဆိုပါက အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပေးပါရန် တောင်းဆိုအပ်ပါသည်။

၁။ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းကို လက်မှတ်မရေးထိုးမီ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေကြရသော စစ်ဘေးရှောင်ပြည်သူများသည် ဂုဏ်သိက္ခာရှိစွာဖြင့် နေရပ်ပြန်နိုင်ရေးအတွက် အမြန်ဆုံးတာဝန်ခံ လုပ်ဆောင်ပေးရန် တောင်းဆိုသည်။

၂။ လက်ရှိအချိန်တွင် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းကို လက်မှတ်ရေးထိုးမည်ဆိုပါက ဒေသခံများ၏ မိရိုးဖလာ အရ ပိုင်ဆိုင်လာသော မြေယာများကို ဥပဒေအရ တရားဝင်အသိအမှတ်ပြုလုပ်ပေးရန်နှင့် ဆုံးရှုံးနစ်နာမှု များအတွက် အစားထိုးလုပ်ငန်းများ၊ လုံလောက်သောအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း စသည်တို့ကို အစိုးရအနေဖြင့် လက်မှတ်မရေးထိုးမီ ကြိုတင်ပြင်ဆင်ပေးရန် တောင်းဆိုသည်။

၃။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို အကောင်ထည်ဖော်မည်ဆိုပါက ရခိုင်ပြည်နယ် အကြံပေးကော်မရှင် (ကိုဖီအာနန်ကော်မရှင်)၏ အစီရင်ခံစာ အကြံပြုချက်အတိုင်း ပတ်ဝန်းကျင် ဆိုင်ရာ လေ့လာဆန်းစစ်မှု (Strategic Environment Assessment -SEA) ကို လက်မှတ်မရေးထိုးမီ ဆောင်ရွက်ပေးရန် တောင်းဆိုသည်။

၄။ အစိုးရအနေဖြင့် လက်ရှိအချိန်တွင် ကျောက်ဖြူမြို့နယ်အတွင်းရှိ ဒီရေတောများနှင့် မြေယာများကို အရောင်း အဝယ်ပြုလုပ်နေကြသည့် အခြေအနေများကိုလည်း ပြန်လည်စိစစ်ပြီး ဒေသတွင်းရှိ မြေယာပိုင်ဆိုင်မှု ပေါ်လစီကို ပြန်လည်အကောင်ထည်ဖော်ဆောင်ပေးရန် တောင်းဆိုသည်။

၅။ နိုင်ငံတော်အစိုးရအနေဖြင့် အထက်ပါအချက်များကို ကြိုတင်မလုပ်ဆောင်နိုင်သေးမီ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ပက်သက်ပြီး တစ်စုံတရာ လက်မှတ်ရေးထိုးမည်ဆိုပါက ဒေသတွင်း ပဋိပက္ခများကိုသာ ဦးတည်လာစေနိုင်ကြောင်း ကျောက်ဖြူ အထူးစီးပွားရေးဇုန် စောင့်ကြည့်ရေးအဖွဲ့အနေဖြင့် သုံးသပ်သည်။

**ထို့ကြောင့် တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်း၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် ပက်သက်ပြီး လက်မှတ်ရေးထိုးမည့်အစီအစဉ်အား ရပ်တန့်ထားရန် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စောင့်ကြည့်ရေးအဖွဲ့မှ တောင်းဆိုသည်။**

**ဆက်သွယ်ရန်**

**ကိုမိုင်ဦး - 09400785365**

**မမိုးမိုးဝေ - 09250229179**